Peace Justice Liberty Development
FEDERAL LAW ACADEMY
Email:- legalaidnetwork@gmail.com, Phone:- (86) - 0692-6209515

## စံပြဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ထုတ်ပြန်ချက် (၂)

## ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) အနေဖြင့် မြန်မာနိုင်ငံနှင့်သင့်တော်သော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖက်ဒရယ်လွှတ်တော်ဖွဲ့စည်း ပေါ်ပေါက်လာရေးကို အဘယ့်ကြောင့် ကမကထပြုဖော်ဆောင်ရန် တာဝန်ရှိသလဲ။

၁။ လက်ရှိ နွေဦးတော်လှန်ရေး (၄) နှစ်နီးပါး ရှိလာသည့်အခါ စစ်ကောင်စီသည် တိုင်းစစ်ဌာနချုပ် နှစ်ခု[1] အပါအဝင် မြို့ကြီးအများအပြား လက်လွှတ်ဆုံးရှုံးလိုက်ရသည့် အခြေအနေအထိ စစ်ရေးတွင် အားနည်းသွားသော်လည်း လုံးဝကျရှုံးသွားခြင်းမဟုတ်ပါ။ နေပြည်တော်အပါအဝင် အဓိကကျသည့် မြို့ကြီးများနှင့် အစိုးရယန္တရားများကို လက်တွေ့အရ ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့အင်အားကြီး နိုင်ငံတခုဖြစ်လာသည့် အိမ်နီးချင်းတရုတ်နိုင်ငံ အပါအဝင် ဒေသတွင်းအာဆီယံနိုင်ငံ တချို့၏ ထောက်ခံမှု ရရှိရန်အတွက် ၂၀၂၅ ခုနှစ်တွင် အတုအယောင် ရွေးကောက်ပွဲအား မဖြစ်မနေကျင်းပပြုလုပ်သွားဖို့ ဦးတည် နေသည်။ လက်တွေ့ထိန်းချုပ်ထားနိုင်မှုအပေါ်အခြေခံ၍ သဘောသက်ရောက်သည့် တရားဝင်မှု *(de-facto)* နှင့် ရွေးကောက်ပွဲအရတရားဝင်မှု *(de-jure)* ပေါင်းစပ်နိုင်ဖို့ ကြိုးပမ်းသည့် ခြေလှမ်းဖြစ်သည်။

၂။ ဤအခြေအနေအား တော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများ၊ ဒီမိုကရေစီ အင်အားစုများနှင့် လူထုတရပ်လုံးအနေဖြင့်သော်လည်းကောင်း၊ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ အဖွဲ့အစည်းများ (အထူးသဖြင့် CRPH) အနေဖြင့်သော်လည်းကောင်း မည်ကဲ့သို့ချဉ်းကပ်တုန့်ပြန်သွား မည်နည်း။ အတုအယောင် ရွေးကောက်ပွဲအား ဆန့်ကျင်၊ ကန့်ကွက်ရုံမျှဖြင့် လုံလောက်မှုမရှိနိုင်ပေ။

၃။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်၏ တရားဝင်မှု *(de-jure)* တခုတည်းအပေါ်အခြေခံ၍ ဖွဲ့စည်းခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) သည် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့များ၏ လက်တွေ့ထိန်းချုပ်ထားနိုင်မှုအရ သဘောသက်ရောက်သောတရားဝင်မှု (*de-facto*) နှင့် စနစ်တကျပေါင်းစပ် နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ စစ်အာဏာရှင်စနစ်အမြစ်ပြတ် တိုက်ဖျက်နိုင်သည်အထိ အောင်မြင်မှုမရရှိခဲ့သည့် လက်တွေ့ သမိုင်းသင်ခန်းစာအား လေ့လာဆင်ခြင်သင့်ပါသည်။

၄။ လက်ရှိအချိန်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က ဦးဆောင်၍ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၏တရားဝင်မှုနောက်ခံဖြင့် တော်လှန်ရေးအင်အားစုများထဲက လူပုဂ္ဂိုလ်တချို့ပါဝင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တရပ်အား ဖွဲ့စည်းနိုင်ခဲ့သည်ကို တန်ဘိုးထားအသိအမှတ်ပြုရပေမည်။ သို့သော် ဖက်ဒရယ်လွှတ်တော် ဖွဲ့စည်းပေါ်ပေါက်လာရေး ကြိုးပမ်းအားထုတ်မှုသည် လမ်းကြောင်းမမှန်။

[1] အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (ရမခ) နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် (နပခ)။

မိမိကိုယ်တိုင်ဖျက်သိမ်းပြီးဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရိပ်အာဝါသအောက်မှသာ ချဉ်းကပ် ဖော်ဆောင်နေသည်ကို တွေ့ရသည်။

၅။ သို့ဖြစ်၍ CRPH အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲ၏တရားဝင်မှု (*de-jure*) နှင့် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများ၏ လက်တွေ့အရထိန်းချုပ်ထားနိုင်မှု၏တရားဝင်မှု (*de-facto*) အား ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် စနစ်တကျပေါင်းစပ် အတည်ပြုကျင့်သုံးသွားနိုင်ဖို့လိုအပ်ပါသည်။ ယင်းဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်လွှတ်တော် ဖွဲ့စည်းပေါ်ပေါက်လာရေးအတွက် ကမကထပြု ဖော်ဆောင်သွားရန် တာဝန်ရှိသည်။

သို့မှသာ စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးအရ ညီညွတ်မှုကို တည်ဆောက်နိုင်မည်။ ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ ခိုင်မာအားကောင်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးယန္တရားများကို ချမှတ်ဖော်ဆောင်ခြင်းအားဖြင့် တရားဝင်သောအစိုးရအဖြစ် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု ရရှိလာနိုင်ဖို့ များစွာအထောက်အကူပြုမည်ဖြစ်သည်။

**ဖက်ဒရယ်ဥပဒေအကယ်ဒမီ** **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်**